

ဉာဏ်ဝင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ဆုလေးနွယ်

# ဖန်ခွက်ထဲကသတို့သမီး

ဦးလူမော်၏ ပါဂျဲရိုးကားအနက်ရောင် ပြောင်လက်လက်သည် Asia Modern အာရှမော်ဒန်ကုမ္ပဏီရုံးခန်း၏ ရှေ့တွင် ငြိမ့်ခနဲ ရပ်သွား၏။

ဦးလူမော် ကိုယ်တိုင်ကားကို မောင်းလာတာ ဖြစ်သဖြင့် ကားတံခါး ပိတ်ပြီးတာနှင့် ရုံးခန်းထဲ ဝင်လာသည် ။

သူသည် ကုမ္ပဏီပိုင်ရှင်သူဋ္ဌေးကြီးရယ်လို့ ဟိတ်ဟန်မထုတ်၊ ဂိုက်မ လုပ်ဘဲ ချည်အင်္ကျီပါးနှင့် ပုဆိုးကိုသာ ဝတ်လျက် သွားလာလှုပ်ရှားနေ တတ်ပြီး သူ့နှုတ်ခမ်းဖျားမှာ လည်း အမြဲတမ်း အပြုံးကိုဆောင်ပါသည် ။

သူ့အပြုံးမှာ လူတန်းစားအပေါ် ကြည့်၍ အပြောင်းအလဲမရှိ၊ အမြဲတ မ်းပင် ဖော်ရွေလှိုက်လှဲ သဘောကောင်းနေ တတ်သည် ။

ပြီးတော့ သူက ပျော်ပျော်နေတတ်သည် ။

လိုအပ်ရင်သာ မျက်နှာကို အတည်အခန့် ပြောင်းလိုက်ပေမယ့် သူ့စိ တ်ရင်းသဘောမနောမှာ အလွန်စင်ကြယ် သန့်ရှင်းသူ ဖြစ်သည် ။

သူ့ရုံးခန်းကျယ်ကြီးရဲ့ စားပွဲတစ်နေရာမှာ ဆံထုံး သပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားသော မျက်နှာခပ်လှလှ မိန်းမငယ်လေးက ဂုဏ်မင်းကို ပြုံး မော့ကြည့်လျက် စကားဆိုနေသည် ။

"ဟော့ ... ဂုဏ်မင်း ... မင်းက မန်နေဂျာအခန်းထဲမှာ မနေဘဲ ဒီမှာ

ဘာလုပ်နေတာလဲ”

“ဟာ ... အန်ကယ်လ်မော်ရောက် လာပြီကိုး”

ဂုဏ်မင်းရော သူ့ စက္ကထရီမလေး ဝိုင်ချိုကပါ ပြုံးလျက် သူ့ကို ကြို ဆိုသည် ။

“ကျွန်တော် အခုနကမှ လေဆိပ်က ပြန်ရောက်တာ”

“အေးပါကွာ၊ မင်း ဒီမှာ လာနေလည်း ငါ အပြစ် မပြောပါဘူး ဟား ဟား”

သူ့ တူတော်မောင် ဂုဏ်မင်းရောင်က သားလွန်းတင်နှင့် မတူပဲ မွန်ရ ည်အေးဆေးသည် ။

အသောက်အစား အပျော်အပါးလည်း မခုံမင်၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေတတ်သည် ။

စာဖတ်ရင်ဖတ် မဖတ်ရင် သီချင်းနားထောင်။ ဒါမှ မဟုတ် တီဗွီ ကြ ည့်ပြီး အားလပ်ချိန်ကို ဖြုန်းတတ်သူ။

အင်မတန် အနေတည်ရှင်းလင်းသူ ဖြစ်သောကြောင့် သူ့အတွင်းရေး မှူးမလေးအပေါ် တိတ်တဆိတ် သံယောဇဉ် ငြိတွယ်ပုံရတာကို ဦးလူ မော်က ရိပ်မိသည် ။

သိသိသာသာကြီး ဘာမှ မပေါ်လွင်ပေမယ့် တူတော်မောင်၏ ရိုးသား သော တွယ်တာသက်ဝင်မှုကို သူ သဘောပေါက်သည် ။

ဝိုင်ချိုကလည်း ဂုဏ်မင်းရောင်ကို ခင်မင်ဖော်ရွေရှိ တတ်ပါသည် ။

“ဟုတ်တယ် အန်ကယ်ရေ ကိုဂုဏ်မင်းကြည့်လိုက်ရင် သူ့စားပွဲမှာ သူ မနေဘူး ဟို ဒီလျှောက်သွားနေတာချည်းပဲ”

“ကျွန်တော်သွားလာတယ်ဆိုတာ အန်ကယ်လ်မော် ခိုင်းထားတဲ့ ကိစ္စတွေနဲ့ ပါဗျာ ကိုယ်ရေးကိုယ်တာ မဟုတ်ပါဘူး”

“ကဲ ဂုဏ်မင်းရေ မင်းကို ကိစ္စရှိလို့ ငါလာခေါ်တာ”

“ဟာ ဖုန်းဆက်လိုက်ရောပေ့ါနော်”

“ဖုန်းဆက်ရုံနဲ့ မရဘူးကွ ဘဏ်က ပိုက်ဆံထုတ်ရသေးတယ် ဒီက ငွေလည်း လာယူတာ၊ ကဲ ... ငါနဲ့ လိုက်ခဲ့ဟေ့”

“ဝိုင်ချို ကျွန်တော်လစ်လိုက်ဦးမယ်”

“အင်း ... အင်း ...၊ ဩော် ကိုဂုဏ်မင်း အပြန်ကျရင် ဟိုနေ့က ဝယ်လာတဲ့ အုန်းသီး ပေါက်စီ ဝယ်ခဲ့ဦးနော် လမ်းကြုံရင်လေ”

“အိုကေ ... ဝယ်ခဲ့မယ်”

ဂုဏ်မင်းက ဦးလူမော်နောက် လိုက်ခဲ့၏။

သူခိုင်းတာ ပြေးလွှားလုပ်ပေးပြီးနောက် ပါကျဲရိုးကို ဂုဏ်မင်းပဲ မောင်းခဲ့ပေးပါသည် ။

ဦးလူမော်က ဂုဏ်မင်း ကားကိုင်တာ မောင်းနှင်တာ စည်းကမ်းရှိသဖြင့် သူ စိတ်ကြိုက်တွေ့တာမို့ တချို့နေရာတွေ ဒရိုင်ဘာမခေါ်ဘဲ ဂုဏ်မင်းကို မောင်းစေသည် ။

လွန်းတင်မောင်းတဲ့ ကား ဆိုရင်တော့ အသက်အောင့်ပြီး ရင်ဘတ်ဖိပြီး စီးရတာမို့ ဦးလူမော်မကြိုက်ပေ။ ပြောမရလို့ သာ ကြည့်နေရတာ ဖြစ်သည် ။

“ကျောက်မြောင်းဘက် မောင်းကွာ ... မီးပွိုင့်နား ရောက်တော့ ငါထပ်ပြောမယ်”

ဦးလူမော်က တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုးရင်း ဂုဏ်မင်းကို ညွှန်ကြားသည် ။

ကျောက်မြောင်းဘက်က ဦးလူမော်သွားနေကျနေရာ မဟုတ်သဖြင့် ဘယ်လမ်း၊ ဘယ်အိမ်ဟု ဂုဏ်မင်းမသိ။ ဦးလူမော် သွားလာနေကျ နေရာတွေ ခပ်များများကိုတော့ သူသိထားပါသည် ။

သူ ရန်ကုန်ရောက်တယ်ဆိုရင်ပဲ ရွှေတောင်ကြားကခြံမှာ ပေးနေကာ ကုမ္ပဏီမှာ ပါ ဒုတိယမန်နေဂျာ ခန့်လိုက်တာမို့ ဂုဏ်မင်း အလွန်အဆင်ပြေသွားရသည် ။

ဦးလေးဖြစ်သူကိုလည်း ကျေးဇူးအလွန်တင်ရပါသည် ။

သူ့လိုပဲ ဝိုင်ချိုသည် လည်း အန်ကယ်လ်မောင်ရဲ့ ကျေးဇူးနှင့် မကင်းသူပါ။

သူတို့ နှစ်ဦးဟာ ဘဝတူတွေလို့ ဂုဏ်မင်းက ယူဆသည် ။

ဦးလူမော် ညွှန်ပြတဲ့ လမ်းအတိုင်း ဝင် လာပြီး နှစ်ခါချိုးကွေ့အပြီးမှာ ဆောက်ပြီးစ ကန်ထရိုက် တိုက်သစ်ကြီး တစ်ခု ရှေ့မှာ ကားကိုရပ်စေသည် ။

ဆယ့်လေးပေ၊ ပေခြောက်ဆယ်ခန့်ရှိသည့် နှစ်ခန်းတွဲ ရှစ်ထပ်တိုက်ကြီးက ခန့်ညားထည်ဝါပြီး မျက်နှာစာအပြည့် ကြွေပြားတွေလည်း ကပ်၊ ဝရန်တာမှာ လည်း စတီးလက်ရန်းများ နှင့်မို့ သားနားလှပါသည် ။

အောက်ထပ် ရုံးခန်းတစ်ခုထဲက လူကြီးတစ်ယောက်က ဆီးကြိုသည် ။

“ဆရာ ကြွပါ”

ကြည့်ရတာ တိုက်ခန်းအရောင်းအဝယ် စာချုပ် ချုပ်ဆိုမှု ဖြစ်ဟန်တူသည် ။

ကျွန်းစားပွဲပေါ်၌ စာချုပ်နှစ်စုံ အသင့်ချထားသည် ။

သူထင်တဲ့ အတိုင်းပဲ ဦးလူမော် က အခန်းတစ်ခန်း ဝယ်ယူတာဖြစ်သည် ။

စတုတ္ထထပ် ညာဘက်ခန်း။

ငွေအကျေတစ်ပါတည်း ချေသည် ။

အခန်းသော့ကို ယူပြီးနောက် သူနှင့် အန်ကယ်လ်မော်တို့ အခန်းကို သွားဖွင့် ကြည့်ကြသည် ။

“ဘယ်နှယ်လဲဟေ့ မောင်ဂုဏ်မင်း”

“ကောင်းသားပဲ မဆိုးပါဘူး”

“ဒီလမ်းလေးက ရှင်းလည်း ရှင်းတယ်။ တိုက်သစ်တွေလည်း များတယ်ကွ”

ဝရန်တာကနေ ထွက်ကြည့်ပြီး မှတ်ချက်ချသည် ။

“ငါ ဒီအခန်း ဘာလုပ်ဖို့ ဝယ်သလဲ မင်းသိလား”

“ဗျာ . . . ကျွန်တော် ဘယ်လိုသိမှာ လဲ”

ဦးလူမော် ကပြုံးလိုက်သည် ။

“ကာယကံရှင်ကို မပြောဘဲ မင်းကို ကြိုပြောထားမယ်၊ ဒါက ဝိုင်ချို အိမ်ထောင်ကျရင် ငါလက်ဖွဲ့ပေးဖို့ ကြိုဝယ်ထားတာ၊ ဒီကလေးမက အခု နှစ်ချုပ်နဲ့ အခန်းငှားနေရတာကွ၊ သူ့အဖေဆိုတာကလည်း ငါ့အပေါ် ကောင်းခဲ့တဲ့ လူတစ်ယောက်ပါ၊ သူ့သမီး ငါ့ဆီ အပ်သွားလို့ ဒုတိယနှစ်

တက်နေတုန်းပဲ၊ ငါက အတွင်းရေးမှူး ခန့်ပေးလိုက်တာ၊ သူ့အဖေ မျက်နှာလည်း ရှိသေးတော့ ဒီကလေးမအတွက် ငါလုပ်ပေးနိုင်တာ လုပ်ပေးတဲ့ သဘောပါ”

ရက်ရောလှသော အန်ကယ်လ်မော်၏ စေတနာကို ဂုဏ်မင်း အံ့သြဝမ်းသာ မုဒိတာပွားရပါသည်။

ဝိုင်ချိုသိရင်လည်း အရမ်းပျော်သွားမှာ သေချာသည်။

“အဲဒီတော့ မင်းက အခန်းသော့ယူထား၊ ဒီအိမ်ကို နည်းနည်းပါးပါး ပြင်ဆင်ရမယ် မီးဖိုချောင်ဖွဲ့မယ် ခန်းဆီး လုပ်မယ် တစ်အိမ်လုံး ပါကေးခင်းမယ်၊ ဘာညာလိုတဲ့ ဒက်ကိုရေးရှင်းနည်းနည်းပေါ့ကွာ၊ အဲဒါ စာရင်းထွက်ပြီးရင် မင်းငါ့ဆီက ပိုက်ဆံလာယူ၊ ဒီကိုလာလာကြည့်ပေး ပြင်ဆင်နေတုန်း ကြည့်ရှုဖို့ က မင်းတာဝန်၊ ဘယ်လိုလဲ”

“ရပါတယ်ဗျာ ကျွန်တော် လာမှာ ပေါ့”

“ဝိုင်ချိုကို အားလုံးပြီးမှ ပြောမယ်ကွ၊ သတင်းမပေးနဲ့ ဦး၊ သူဘယ်လိုလူနဲ့ အိမ်ထောင်ကျမလဲတော့ မပြောတတ်ဘူး ဘယ်သူပဲဖြစ်ဖြစ် ငါက ဒါကို လက်ဖွဲ့မှာ ပဲ၊ တကယ်လို့ ဒီအခန်းသော့ကို လာဖွင့်ပြီး ဝိုင်ချိုလက်ကို ဆွဲခေါ်လာရတဲ့ သူက မင်းဖြစ်ချင်လည်း ဖြစ်မှာ ပေါ့ကွာ”

“ဟာ . . . အန်ကယ်လ်”

ဦးလူမော်၏ နောက်သလိုလို အတည်လိုလို စကားဆန်းကြောင့် ဂုဏ်မင်း မျက်နှာနီကာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

ဟား . . . ဘယ်လိုလဲ . . . သူ့ရင်ထဲက တစ်မျိုးတစ်မည် ခံစားချက်ကို ဦးလူမော်များ ရိပ်မိနေသလား . . .

ကာယကံရှင် ချစ်သူလေးပင် မရိပ်မိသေးပါ။

"သဘောပြောတာပါကွာ၊ မင်းကလည်း ဟား . . . ဟား . . .ဟား"

သူအရှက်ပြေ ရောရယ်လိုက်သည် ။

ဒီနေ့ အန်ကယ်လ်မော်ရဲ့ အစီအစဉ်နှင့် ပြောစကားတွေအားလုံးက သူ့ကို အံ့အားသင့်စေတာ အမှန်။

ဝိုင်ချိုကဲ့သို့ မိန်းကလေးကို သူ့တူတော်မောင်နှင့် အန်ကယ်လ်က သဘောတူပါတယ်လို့ သွယ်ဝိုက်အသိပေးထားတာလား။ ဖြစ်နိုင်ပါသည် ။

ဂုဏ်မင်းရင်ထဲ တစ်နည်းတစ်ဖုံ ချမ်းမြေ့သွားရသည် ။ အန်ကယ်လ်မော်ဟာ သူ့အတွက်ရော ဝိုင်ချိုမိုးအတွက်ပါ လူကြီးသူမအုပ်ထိန်းသူနေရာရှိတဲ့ သူ။

သူ့စိတ်ကူးထဲက တကယ်ဖြစ် လာပြီဆိုရင်လည်း အန်ကယ်လ်မော်နှင့် တိုင်ပင်ရမှာ မဟုတ်လား။

ထိုနေ့က ဝိုင်ချိုအတွက် လက်ဖွဲ့ရန် ရည်ရွယ်ပါသည် ဆိုသောအခန်းအား လိုလေသေးမရှိ ပြင်ဆင်ရန် ဂုဏ်မင်း တက်တက်ကြွကြွ လက်ခံခေါင်းညိတ်ခဲ့သည် ။

တကယ်လည်း ရင်ထဲက စေတနာတွေ တစ်ပုံတစ်ပင် လာစောင့်ကြည့်ပေး။

လိုအပ်တာ လုပ်ပေးဖို့ သူ ဆုံးဖြတ်သည် ။

ဝိုင်ချို . . .။

မင်းရဲ့ သတို့ သားဟာ ဘယ်သူဖြစ်မလဲ။

*

ဂုဏ်မင်းရောင်သည် ကားမောင်းနေရင်းမှ ဝိုင်ချိုမိုးဘက်သို့ အသာ

ကလေး တစ်ချက်ခိုးကြည့်လိုက်သည် ။

ထိုင်နေပုံလေးက ကြော့ကြော့ဖတ်ဖတ်။ အဖြူပေါ် ပန်းခက်နွယ် ပန်းရောင်ဖျော့ဖျော့ ခပ်ရေးရေး ထင်သော အပါးစလေးဖြင့် နှစ်ထပ်ချုပ်ထားသော ဂါဝန်က ဒီဇိုင်းဆန်းပုံမှာ သူမနှင့် အလွန် လိုက်ဘက်သည် ။

သွယ်ပျောင်းနွဲ့နှောင်းကာ ပြေပြစ်လှပသော သူမရဲ့ ခန္ဓာကိုယ်ကောက်ကြောင်းလေးကို အထူး ပေါ်လွင်စေသည် ။

ကုမ္ပဏီရုံးမှာ ယူနီဖောင်းနှင့် အော့ဖစ်ဆံထုံး သပ်သပ်ရပ်ရပ်လေးနှင့်သာ မြင်ဖူးနေကျရှိသောကြောင့် ဝိုင်ချိုမိုးရဲ့ အလှပြင်ဆင်ထားသော ရုပ်ဆင်းသဏ္ဍာန်လေးဟာ ဂုဏ်မင်းရောင် မျက်စိထဲကြည့်လို့ မဝနိုင်အောင် ဖမ်းစားဆွဲဆောင်နိုင်လွန်းသည် ။

သာမာန် အဝတ်အစားနှင့် အလှမပြင်ထားတော့လည်း ဘဲပြာလဲ့ရွှန်းရီတဲ့ သူမရဲ့ မျက်ဝန်းလေးကို ဆုံရတိုင်း ဂုဏ်မင်းဘက်က ရင်ခုန်ရစမြဲပါ။

စကားပြောရင် အေးဆေးချိုသာ ဖြည်းဖြည်းကလေး ပြောတတ်ပုံကိုလည်း သူ စွဲလမ်းမိသည် ။

အန်ကယ်လ်မော်ရဲ့ အတွင်းရေးမှူးမလေးကို ဘယ်အချိန်ဖြစ်ဖြစ်၊ တစ်ရေးနိုးလာမေးလည်း သူ ရင်ခုန်နွေးထွေးရကြောင်း ဖြေမှာ ပါပဲ။

သူမအကြောင်း တွေးရတာလေးသည် ပင် ဂုဏ်မင်း အတွက် အရသာ။

မီးပွိုင့်မှာ မီးနီသွားပြီမို့ ကားကို စက်ပါသတ်လိုက်ကာ သူ ဝိုင်ချိုဘက်ကို လှည့်ပြုံးပြဖြစ်သည် ။

“ကိုဂုဏ်မင်းလည်း ပင်ပန်းမှာ ပဲနော်”

“ဘာလို့ လဲ”

“ကိုလွန်းတင်ဖွဲ့ရဲ့ မွေးနေ့ဆိုတော့ အိမ်မှာ အလုပ်ရှုပ်နေမှာ ပေါ့”

“ဒီလောက်ကြီး မဟုတ်ပါဘူး။ လွန်းတင်က ခြံထဲမှာ ပဲ ကျင်းပချင်တယ်ဆိုတော့ ခြံထဲက ပစ္စည်းအထားအသိုတွေ ဘာညာ ရှင်းလင်းပြုပြင်ရတာတွေတော့ ရှိတာပေ့ါဗျာ၊ ဒါပေမဲ့ ပင်ပန်းတယ်လို့ မဟုတ်ပါဘူး”

ဂုဏ်မင်းက ကားတစ်စီးနှင့် ဝင်လိုက်ထွက်လိုက် လုပ်နေတာ ဝိုင်ချို သိသားပဲ။

ဖိတ်စာဝေတာကအစ လွန်းတင်က သူ့ကို တစ်ချိန်လုံး ချောဆွဲထားသည် မဟုတ်လား။

လွန်းတင်ဖွဲ့သည် ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးလူမော်၏ တစ်ဦးတည်းသောသား ဖြစ်တာကြောင့် မျက်နှာပွင့်လှသည် ။

သူက ရုပ်လည်း ချောသည် ။ ကောင်မလေးတွေ ကြွေလောက်အောင်လည်း အပြောကောင်းပြီး ဆွဲဆောင်မှုရှိသည် ။

အဝတ်အစားဝတ်ပုံကလည်း ခေတ်နှင့်အညီ ဆန်းဆန်းပြားပြား။

ဂုဏ်မင်းရောင်လို စတိုင်ဘောင်းဘီနှင့် Guy Laroche အင်္ကျီလောက် ၊ CHEQ လောက်နှင့် ပြီးမသွား။

နေ့စဉ် စတိုင်မထပ်အောင် ဝတ်စားတတ်တာကြောင့် သူဖြင့် ရုံးခန်းကို လာပြီဆိုရင် အားလုံးက မသိမသာ ငေးကြည့်တတ်တာ။ ဝိုင်ချိုလည်း ပဲ ခိုးဝှက်ငေးမောရသူထဲ ပါဝင်ကြောင်း ဝန်ခံပါရစေရှင် . . .။

ကိုယ့်ဘော့စ်ရဲ့ တစ်ဦးတည်းသောသား ကိုလူချောလေးကို ဒီအပျိုမလေးကရော တိတ်တဆိတ် စိတ်ကူးမယဉ်မိဘဲ နေမလား . . .။

သူ လှမ်းကြည့်ပုံကလည်း ခပ်ညို့ညို့လေးပါ။

ဝိုင်ချိုအပေါ် သူ့မျက်လုံးတွေက နွေးထွေးစူးရှနေတတ်သည် ။

သည် ညနေ သူ့မွေးနေ့ကို သွားဖို့ ဝိုင်ချိုအစောကြီး ကတည်းက စိတ်လှုပ်ရှားနေသည် ။

တစ်ခန်းတည်း အတူနေ သူငယ်ချင်းကိုတောင် . . .

"ဇင်ဇင်ရေ . . . ဝိုင်နဲ့ ဒီအင်္ကျီ လိုက်ရဲ့ လားဟယ်"

"အမယ်လေးနော်၊ မြင်ဖူးသမျှထဲ ဒီတစ်ခါ အလှဆုံး"

"ဟုတ်ရဲ့ လားဟယ်"

မှန်ထဲ ကြည့်ကာ ကြည့်ကာ မေးရတာ အမောပါ။

ဖန်စီပုံစံ ခွာချွန်ဖိနပ်လေးကို ဒီမွေးနေ့ပွဲ သွားဖို့ အတွက် ကြိုပြီး ဝယ်ထားခဲ့တာ။

"ပုံပြင်ထဲက မင်းသမီးလေးလိုပဲ . . . နင်က ကဗျာဆန်တဲ့ ရုပ်ရည်မျိုး ဝိုင်ရဲ့ . . . မျက်နှာလေးကလည်း ဝိုင်းမလိုလို နဲ့ ဘဲဥပုံ အချွန်လေး ဖြစ်သွားတယ်။ မေးစေ့ချွန်ပုံလေးက အိန္ဒြာကျော်ဇင် နဲ့ တူသွားတယ်"

"အို . . . တော်ပါတော့ နောက်နေ့ နင့်ကို ဆီချက် ဝယ်ကျွေးပါ့မယ် . . .အမြှောက်တော်တဲ့ မိန်းမ"

ကြည်ကြည်နူးနူးလည်း ရယ်မိသည် ။

တကယ်ပဲ ပုံပြင်ထဲက နတ်သမီးလေးလို ဘဝအခြေအနေပါ ခုန်တ

က်ပြောင်းလဲသွားချင်ပါဘိ။

အခုတော့ တိုက်ခန်းလေးတစ်ခန်းကို ဇင်ဇင်နှင့် စပ်တူငှားနေပြီး စက္ကူထရီလုပ်ငန်း ရှန်းကန်လှုပ်ရှားနေရသည် ။

ဘဝအခြေကျပြီး သက်သောင့်သက်သာ နေချင်ပါသေးသည် ။

မိန်းမတို့ ရဲ့ အချင်းဟာ အဆင်းပဲဆိုတော့ ဒီလို ရုပ်ဆင်းလှတာ လေးကို ဝိုင်က ဂုဏ်လည်း ယူသလို သည် ရူပကာနှင့်ပဲ တင့်တယ်သော၊ ပြည်စုံသော အိမ်ထောင်ရေးမျိုးရဖို့ တက်လှမ်းချင်ပါသေးသည် ။

စိုးရိမ်စိတ်လည်း ကဲနေမိပါသေးသည် ။

သူ့အကြည့်မှာ အဓိပ္ပာယ်တစ်မျိုးနှင့် တောက်ပလာပုံကြောင့်လည်း ဝိုင်ချို ရင်မှာ မျှော်လင့်ခြင်းအသစ်တွေ ကိန်းအောင်းလာရတာပါ။

ဖိတ်စာကို ရုံးထိ တကူးတက တက်လာပေးရင်း။

“ဆက်ဆက်လာခဲ့ရမယ်နော်၊ ဒက်ဒီ့ စက္ကူထရီ တစ်ယောက်ဆိုတာ ထက် ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ အလေးအနက် ဖိတ်တာပါ”

ဟု ဝိုင်ချို့မျက်နှာလေးကို စွဲစွဲမက်မက် ဟန်မူယာမျိုးနှင့် မလွှဲတမ်း စိုက်ကြည့်၍ ဆိုသွားခဲ့သည် မဟုတ်လား။

ဒီတော့ ဝိုင်ချိုကလည်း လွှန်းတင်ဖွဲ့အကြောင်း ခေါင်းထဲ ရောက် လာခဲ့ရသည် ဆိုပါတော့။

တိုက်အောက်ခြေမှာ ဂုဏ်မင်းရဲ့ ကား ရောက်လာတဲ့ အထိ ဝိုင်ချိုက ဆံပင်လေးဖြီးတုန်း၊ ရေမွှေးဆွတ်တုန်းပါ။

ဝိုင်ချိုကိုမြင်တော့ သတိလက်လွတ် တမေ့တမော ငေးသွားရတာက

ဂုဏ်မင်း . . .။

အစွမ်းကုန် ခြယ်မှုန်းထားတဲ့ ရင်ထဲက အလှနတ်သမီးလေးဆိုပါတော့ . . .။

အစကတည်းက ချစ်ရသူဆိုတော့ ဂုဏ်မင်း အသက်ရှူမှားမိတာ မဆန်းပါ။

ဖြစ်နိုင်ရင် လွန်းတင်မွေးနေ့ ကျင်းပတဲ့ သူတို့ ခြံကြီးဆီ ခေါ်မသွားချင်။

သူမနှင့် အတူ မြို့ပြင်ဘက် ကားလျှောက်မောင်းချင် သည် ။

“ပွဲက ညမှ စမှာ ကို ကိုလွန်းတင်က ညနေကတည်းက လာဖို့ ပြောတယ်”

“ဒီကောင်က ဒီလိုပဲ၊ မိန်းကလေးတွေဆိုရင် မျက်နှာလိုက်တယ်”

“သူ့မှာ မိန်းကလေး အပေါင်းအသင်းတွေ ရှိလား”

“အများကြီးပဲ”

“ကိုဂုဏ်မင်းမှာ ရော”

“ကျွန်တော်လား . . .ဟဲ . . .ဟဲ လွန်းတင်နဲ့ ဆန့်ကျင်ဘက်ပေါ့ဗျာ”

“မယုံပါဘူးနော်”

ဝိုင်ချိုက ဂုဏ်မင်းနဲ့ ဆို ရုံးမှာ လည်း တရင်းတနှီး ပြောဆိုနေကျမို့ သူ့ကို လုံးဝ မရှိန်။

တစ်ခါတစ်ရံမှ သာ တွေ့ရတတ်တဲ့ လွန်းတင်ကိုသာ ရှက်ဝံ့ရှက်နိုး ဖြစ်မိတာ။

"နောက်တော့ ဝိုင်ချို သိလာမှာ ပေါ့"

ကျွန်တော့်နှလုံးသားက ခင်ဖျားလေးဆီရောက်သွားတော့ နောက်ထပ် ကောင်မလေးတွေ လျှောက်ကြည့်မိလည်း စိတ်တိုင်းမကျပါဘူး။ ခင်ဖျားမျက်နှာလေးကိုပဲ ပြေးမြင်ပြီး ခင်ဖျားလေးနားပဲ အမြဲလာချင်မိတယ်။ တကယ်ပါ။

ဂုဏ်မင်းသည် သူ့နံဘေးက ရည်မှန်းချက်ကြီးသော မိန်းကလေးရဲ့အကြောင်းကို မသိသေးပါ။

လွန်းတင်နှင့် စိတ်ချင်းဆက်သွယ်မှုတစ်မျိုး ရှိနေပြီဆိုတာလည်း မရိပ်မိ။ သူလည်း ကုမ္ပဏီမှာ တွေ့နေကျ ဝိုင်ချိုမိုးပဲဟု ရိုးရိုးသားသား ထင်ဆဲပါ။

လွန်းတင် သူ့ဒက်ဒီဆီ ရောက်လာတတ်တာ သည် ဝိုင်ချိုနှင့် ပက်သက်မှု ရှိသည် ဟု မဆက်စပ်မိ။

ဝိုင်ချိုမိုးကို ချဉ်းကပ်စပြုနေပြီဆိုတာ လုံးလုံးလျားလျား မသိသေးပါ
။

ဝိုင်ချိုကတော့ မကြာခင် မြင်ရတော့မည့် မွေးနေ့ရှင် လွန်းတင်အကြောင်းသာ စိတ်ထဲ ရှိနေသည် ။

သူဌေးသားရယ်လို့ ဟိတ်တွေ ဟန်တွေ မလုပ်ဘဲ သူ့အဖေရဲ့ ဝန်ထမ်းမိန်းကလေးအပေါ် ဖော်ရွေသဘောကောင်းလှသော လွန်းတင်ကို ဝိုင်ချိုက အမှတ်တွေ ကျိတ်ပေးထားမိသည် ။

သူမအပေါ် ဆက်ဆံရေး ပြေပြစ်လိုက်လှဲတာလေးတစ်ခုကိုပဲ လောလောဆယ် သူမက ကွက်မြင်ပြီး သဘောကျ နေမိတာ ဖြစ်သည် ။

သူ့အကြောင်းကို ဘာမှ သေချာသိလို့ ရယ်လည်း မဟုတ်။ ဒါပေမဲ့ ဝို

င်ချို စိတ်ကူးယဉ်မိသည် ။

အကယ်၍ များ သူ၏ ချစ်သူ ဖြစ်ခွင့်ရလျှင် . . .

ဆက်မတွေးရဲပြန်။

အခြေအနေတွေက အလွန် ကွာခြားနေသည် ။

ဝိုင်ချိုအတွေးကောင်းနေဆဲမှာ ဂုဏ်မင်းမောင်းတဲ့ ကားက ရွှေတောင်ကြားရှိ လွန်းတင်ရဲ့ ထည်ဝါဝံ့ကြွား လှသော ခြံကြီးထဲသို့ လျှောခနဲ ထိုးဆိုက်ပါလေပြီ။

ခြံထဲမှာ မီးပွင့်ရောင်စုံတွေ သွယ်တန်းချိတ်ဆက်ထားသလို စားပွဲခင်းဖြူလွလွနှင့် စားပွဲဝိုင်းတွေလည်း အများကြီး။

သီချင်းဆိုဖို့ ၊ ဂိမ်းကစားဖို့ ၊ မွေးနေ့ကိတ် အဆင်သင့် အထပ်ထပ်ကြီးကို လှီးဖို့ ၊ လက်ဆောင်သော့ချိတ်များ ပေးဝေဖို့ တပျော်တပါး ကိုယ်တိုင်အသားကင်ခိုင်းဖို့ မီးဖိုလေးများ ခင်းကျင်းပြီး စားသောက်ပျော်မြူးနိုင်ဖို့ စသဖြင့် အစီအစဉ်တွေ အများကြီး ရှိကြောင်းကို ဂုဏ်မင်းက ပြောပြသည် ။

အိမ်က ကားမို့ ပေါ်တီကိုရှေ့ထိ သွားရပ်သည် ။ နောက်ပိုင်းကားတွေ များ ပြားလာလျှင် ခြံထဲထိ ကားဝင်လို့ ရတော့မှာ မဟုတ်။

“ဝိုင် အဖော်လည်း မရှိဘူး”

“ဟော ဟိုမှာ ဗျာ၊ လွန်းတင် လာပါပြီ”

လွန်းတင်သည် ကားတံခါးဆွဲဖွင့်ပေးပြီး သူမကို ဂရုတစိုက်ကြိုဆိုသည် ။

“လာပါဗျာ။ ကြွပါ မင်းသမီးလေးခင်ဗျား ကျွန်တော့် မွေးနေ့ကတော့

ဒီနှစ်မှာ သိပ်ကို အဓိပ္ပာယ် ရှိသွားပြီ”

“ဟက်ပီးဘက်ဒေး ကိုလွန်းတင်”

နက်ခ်တိုင်နှင့် အင်္ကျီမှာ တပ်ဖို့ ကလစ်လေးကို ပက်ကင်ထုပ်ထားသော ရွှေရောင်ဘူးလေးကို ဝိုင်ချိုက လှမ်းပေး လိုက်သည် ။

“သင့်ခ်ယူ ဝိုင်”

နီးကပ်စွာ ဆိုလိုတာကြောင့် သူ့ဆီက နွေးထွေးသော အရိပ်အခြည်လေးတစ်မျိုးသည် ဝိုင့်နှလုံးသားကို လာရစ်ပတ်သလို ခံစားရသည် ။

သိပ်သည်းသော အပြုံးလေး နှစ်ခု ဖလှယ်မိကြသည် ။

လွန်းတင်က မိန်းမချောလေးကို စူးစူးပေပေကြည့်ရင်း ရင်ထဲမှာ ရင်းနှီးကျွမ်းဝင်လိုခြင်းတွေ ပြင်းပြလာသည် ။

စွဲမက်စရာကောင်းအောင် ညှို့ယူဖမ်းစားနိုင်လွန်းသဖြင့် သူ့စိတ်တွေ လှုပ်ရှားလာရသည် ။

ဂုဏ်မင်းက ကားကို ဂိုဒေါင်ဘက်မောင်းယူသွားစဉ် လွန်းတင်က သူမကို စားပွဲတစ်ဝိုင်းမှာ နေရာချထားပေးသည် ။

“ရပါတယ် ကိုလွန်းတင်ရယ် ... ဝိုင်က ကုမ္ပဏီ မိသားစုပဲ၊ ဧည့်သည်ကြီးလို ဧည့်ခံပေးစရာ မလိုပါဘူးနော်”

“ဒီည ဝိုင်က ကျွန်တော့်ရဲ့ အထူး ဧည့်သည် ဗျ”

သူ့အပြောလေးတွေက ဝိုင်ချို့ကို ယစ်မူးစေပါသည် ။

ကန်းတရီးရှပ်အဖြူပေါ် ရွှေရောင်ကနုတ်လေး အနားကွပ်ပြီး စတိုင်ပင်န်အဖြူကို ဝတ်ထားတာမို့ သူနှင့် ဝိုင်က ရွေးချယ်ထားတဲ့ အရောင်ချင်းလည်း တိုက်ဆိုင်တူညီနေသည် ။

“ဝိုင် သီချင်းဆိုရမယ်”

“ဟင့်အင်း ... အဲဒါ ကြောက်တယ်”

“ကျွန်တော်အနားမှာ ရှိမှာ ပဲ”

“အို ... ဝိုင်မှ သီချင်း မဆိုတတ်တာ”

သူက ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည် ။

“မဆိုတတ်ရင် ကျွန်တော် ဆိုမယ်၊ ဝိုင်က၊ “က” ရမယ် ဟုတ်ပြီလား ”

ရှက်တတ်မှန်းမ သိ၍ လွန်းတင်က နောက်ပြောင် နေမိသည် ။

“အမယ်လေးနော် ... ကရဦးမယ်”

“ကျွန်တော် သင်ပေးမယ်၊ သူငယ်ချင်းတွေအားလုံး ပျော်ပျော်ပါးပါး ကကြမှာ ပဲ၊ ဘာရယ်လို့ တော့ မဟုတ်ပါဘူး၊ ဒီတိုင်း ကတတ်သလို ကကြတာပဲ”

ဝိုင်ချိုက မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်နေရသည် ။

လူချမ်းသာတစ်ယောက်ရဲ့ မွေးနေ့ပွဲကို ဘယ်လို အစီအစဉ်တွေနှင့် ကျင်းပသလဲ သူမ မသိ။

အရင်ကလည်း မရောက်ဖူးခဲ့။

“လူရှင်းသွားမှ ရင်းနှီးတဲ့ သူချည်းပဲ ပျော်မှာ ဘာမှ စိတ်မပူနဲ့ ဝိုင်က ကျွန်တော်နဲ့ တွဲပေါ့”

“ကျွန်တော်နဲ့ တွဲ” ဆိုသော သူ့စကားကြောင့် ရင်တုန်ပန်းတုန် ဖြစ်ရသည် ။

ဘဝတစ်ခုလုံးပါ သူနှင့် လက်တွဲရဦးမှာ လား။

စိတ်တွေတော့ အတော်ကျဉ်းကျပ်ရမှာ ပဲ။

မဆီမဆိုင်တွေး ကြည့်မိသည် ။

သူ့မျက်နှာက ပေါ်လွင်သော နှာတံနှင့် ပါးတွေတင်းပြီး ပြောင်ဝင်း ချောမွတ်နေသည် ။

လူက လူချော။ သူ ဘာတွေ လိမ်းလဲ။

Skin Care ကို ဘယ်လို ဂရုစိုက်သလဲ မသိသော်လည်း မိန်းကလေး တစ်ယောက်ထက် ပိုမို၍ အသားအရေ လှပစိုပြည်နေတာကို အနီးကပ် မို့ အံ့သြငေးမောရသည် ။

ဂုဏ်မင်းရောင်လို ယောကျ်ားတစ်ယောက်ရဲ့ ပါးမြိုင်းမွေးတို့ နှင့် ကြမ်းရှသော သဘာဝမျက်နှာမျိုးမဟုတ်ဘဲ သူ့ မျက်နှာက မင်းသားလို နုနယ်ဝင်းမွတ်နေသည် ။

ဝိုင်ချိုမိုးက ဘယ်လိုယောကျ်ားမျိုးကို ပိုမို နှစ်သက်ပါလိမ့်။

လွန်းတင်ဖွဲ့ကရော ဘယ်လိုမိန်းကလေးမျိုးကို လိုလားနှစ်ခြိုက်ပါ သလဲ။

ဝိုင်ချိုက သူမျက်စိကျသော သူ သက်ဝင်သော ပုံစံမျိုးရော ဟုတ်ပါရဲ့ လား။

လွန်းတင်သည် မိန်းကလေးတို့ အတွက် အထင်ကြီး စရာကောင်းသ ည် ကတော့ အမှန်ပါ။

ထိုစဉ်မှာ ပင် လွန်းတင်ခါးမှာ ချိတ်ထားသော GSM ဖုန်းလေးက မြ ည်လာသဖြင့် လွန်းတင်က “ခဏ” ဟု ဆိုကာ ခပ်လှမ်းလှမ်းမှာ

သွားပြောသည် ။

သူမကို မကြားစေချင်တာဟာ အပြစ်တစ်ခု မဟုတ်ပေမယ့် ဝိုင်နဲ့ သူဟာ သူစိမ်းတွေဆိုတာတော့ ထင်ရှားစေသည် ။ ရင်ထဲ အလိုလိုနေရင်း သိမ်ငယ်သလို ဖြစ်မိသည် ။

"ဂုဏ်မင်းရော ခဏကွာ"

ဖုန်းနားထောင်ပြီးတာနှင့် လွန်းတင်က ကိုဂုဏ်မင်းကို ခေါ်ပါသည် ။

"ဦးလေးထူးကို ဒက်ဒီ အပြင်လွှတ်ထားတယ်၊ ဒေါ်လေးတို့ ကားက ဝပ်ရှော့ရောက်နေတယ်တဲ့ ၊ အဲဒါ သူတို့ ကို မင်းသွားကြိုလိုက်မလား"

လွန်းတင်က ဂုဏ်မင်းကို ကားနှင့်ကြိုပေးဖို့ လွှတ်လိုက်၏။

လွန်းတင် သူငယ်ချင်းတွေထဲမှာ တက္ကစီပင် မစီးသော ဘဝင်ခပ်မြင့်မြင့် လူတွေရှိကြောင်း ကိုဂုဏ်မင်း တစ်ခါ ပြောပြဖူးသည် ။ မလွဲသာလို့ ကားငှားရမယ်ဆိုရင်တောင် နံပါတ် အနက်နှင့်ကားမှ ငှားချင်သတဲ့ ။

လွန်းတင်ကတော့ ဂုဏ်မင်း အနားမှာ မရှိတာကို ပိုကြိုက်သည် ။

သူနှင့် ဝိုင်ချို အေးအေးဆေးဆေး စကားပြောရမည်။

ကိုယ့်ကို ညွတ်အောင် ကိုယ်ပြောရမှာ ပဲလေ။ သူမကို ကိုယ်က လိုချင်မက်မောနေမိပြီကိုး။

"ဝိုင် ... လာခဲ့ ... ကျွန်တော်တို့ ငါးကင်သွားစားရအောင်"

"နေပါစေ"

"လာစမ်းပါ ... တော်ကြာ ကျွန်တော့်သူငယ်ချင်းတွေ ရောက်လာရင်

ဝိုင့်အနား ဒီလိုကပ်နေလို့ ရမှာ မဟုတ်ဘူး ၊ ဝိုင့်ကို ကျွန်တော်ကိုယ်တိုင် ငါးကင်ကျွေးချင်လို့ ပါ၊ ကော့တေးလေးနဲ့ သောက်ပေါ့”

သူက လက်ဆွဲခေါ်တာမို့ ဝိုင်ချို သူ့နောက်ပါးမှ ပါလာရသည် ။ တကယ်ပဲ သူဟာ ဂရုတစိုက်နှင့် ဝိုင်ချိုကို ငါးကင် ကျွေးသည် ။

“ဟင့်အင်း ... ဒီအပြင်မှာ မစားရဲဘူး”

“ဘာလို့ လဲ ... ဒါဖြင့် တိုက်ထဲလား”

ခြံထဲ ဟင်းလင်းပြင်ကြီးထဲ တစ်ခုခုကို မတ်တတ် စားသောက်ဖို့ မဝံ့ရဲတာမို့ သူနှင့်ဝိုင်ကြားမှာ အချိုးအကွေ့တစ်ခု စခဲ့ပါသည် ။

“ဒီမှာ ဘယ်သူမှ မရှိဘူး၊ လွတ်လွတ်လပ်လပ် စားနော်၊ ကျွန်တော် ဖွဲ့ပေးမယ်”

သူက စားပွဲသေးလေးတစ်ခုစီ ခေါ်ဆောင်လာ၏။

ရွှေရောင်စက္ကူနှင့်ပတ်ပြီး ကင်ထားသော ကကတစ် ငါးအကောင် ခပ်ကြီးကြီးသည် အလွန်မွှေးကြိုင်ကာ စားချင့် စဖွယ်ကောင်းလှတာမို့ ဝိုင်ချို မငြင်းနိုင်။

သူ ဖွဲ့ပေးသမျှ အားပါးတရ စားလိုက်သည် ။

“အရမ်း စားကောင်းတာပဲ”

ဝိုင်နှင့်သူသည် ငါးတစ်ပန်းကန်ထဲ တူတစ်စုံစီ ကိုင်ကာ စားလိုက် သောက်လိုက် ကော့တေးမြည်းလိုက် စကား ပြောလိုက်နှင့် အတော်ဟန်ကျနေပါသည် ။

ဘယ်သူမှ အနားမှာ မရှိတော့ စိတ်တွေလည်း လွတ်လပ်ပေါ့ပါးနေသည် ။

ဝိုင်သည် အန်ကယ်လ်မော်ရဲ့ သားနှင့် ဒီလို ရင်းရင်းနှီးနှီး ပတ်သက်ခွင့်ရပြီး သူ့ရဲ့ ဂရုတစိုက် အရေးပေးမှုကို ခံစား ရမည်ဟု တစ်ခါမှ မထင်ခဲ့ဖူးပါ။

ထို့ကြောင့် စိတ်လှုပ်ရှားပြီး ပျော်ချင်သလို ဖြစ်နေသည် ။ လွန်းတင်ပြောသမျှ စကားတွေကိုလည်း ပြုံးပြုံးငေးငေး နားထောင် ပျော်ဝင်နေမိသည် ။

ခဏနေတော့ လွန်းတင်က တော်ကြာရောက်လျှင် အားလုံး ပျော်ပျော်ပါးပါး မြူးမြူးကြွကြွ ကကြ ခုန်ကြရန် သူ ရွေးထားသော မြူးဖစ်ချည်းသက်သက် "ဒုန်း ... ဒုန်း" ဟု စည်းချက်သံပါသော အခွေကို ဖွင့်ပြပါသည် ။

ကောင်းပါသည် ။ အသံကြားရုံနှင့် လူက သွက်လက် လန်းဆန်း လာပြီး လှုပ်လှုပ်ရှားရှား ထကချင်စရာပါ။

လွန်းတင်က စည်းချက်အတိုင်း ခေါင်းဆတ်ကာ ခါးလှုပ်ကာ ခြေဖနောင့် ဆွေ့ကာ သူမကို ကပြပါသည် ။

"ဟင်း ... ဟင်း ... ဟင်း"

ဝိုင်ချို မရယ်ဘဲ မနေနိုင်။

"ရယ်တယ် ဟုတ်လား ... လာ၊ ကောင်မလေး ကျွန်တော်နဲ့ ကပေး ... ၊ လေ့ကျင့်ရအောင် ... တကွက်လောက်ပေါ့"

"ဟင့်အင်း"

ဝိုင်ချို ခေါင်းယမ်းလျှင် သူက မရမက လက်ဆွဲ ခေါ်သည် ။

"လာပါ လူတွေကြားထဲကရင် တစ်ကွက်နှစ်ကွက်တော့ တတ်ထားမှ

ဖြစ်မှာ ပေါ့”

ဝိုင်ရင်တွေ ပိုနွေး လှုပ်ရှားသွားရပါသည် ။ မီးရောင် မှုန်ဖျော့ဖျော့မှာ ငြိမ့်ညောင်းသော တေးသွားနှင့် စုံတွဲက ဖို့ ဆိုတာ ...။

အို ... ဘယ်လိုမှန်းလည်း မသိပါ။

“ဒီလို နှစ်လှမ်းဆုတ်၊ တစ်ပတ်လှည့် ခါးကို ဖွဖွလေး ဖက်မယ်၊ ကျွန်တော် ခြေထောက်ရွှေ့သလို လိုက်ရွှေ့ရင် ရပြီ”

ဝိုင်ချိုသည် ရှက်ရှက်နှင့် သွေးပူနေတာမို့ လွယ်လွယ်လေးကိုပင် အမှားမှား အယွင်းယွင်း။

“ဟား ... ဟား ... ဝိုင်ရယ်၊ ဝိုင်က ဒီတိုင်း မတ်တတ်ရပ်နေရင်တောင် လှတာ၊ ဒီလိုသာ ကလိုက်မယ်ဆို အားလုံး ဝိုင်းငေးသွားမှာ ဗျ သိလား ”

သူ ထွက်သက် နွေးနွေးသည် ဝိုင့်ပါးပေါ် ကျရောက်နေ၏။

နီးကပ်လွန်းသော အနေအထားမှာ နှစ်ဦးစလုံး သွေးခုန် နှုန်းတွေ မြန်ဆန်လာသည် ။

လွန်းတင်သည် သူ မွေးနေ့ ကျင်းပရဦးမည်ဆိုတာပင် ခဏမေ့လျက် မိန်းမချောလေးထံမှာ ယစ်မူးနစ်မျောနေမိသည် ။

တစ်ကြိမ်မှာ ဝိုင်ချိုက ဟန်ချက်ပျက်ကာ သူ့ခြေထောက်ကို နင်းမိသလို ဖြစ်စဉ် လွန်းတင်သည် ချော်လဲရောထိုင် သဘောမျိုးနှင့် သူမ ခါး သေးသေးလေးကို တအား ဖက်ထားလိုက်သည် ။

မြွေတစ်ကောင်လို ရစ်ပတ်နှောင်ဖွဲ့လိုက်သော သူ့လက်တွင်းမှာ ဝိုင်ချိုအသက်ရှူ မှားသွားရသည် ။

သူက နှစ်သိမ့်သလို ဝိုင်ချိုရဲ့ ငယ်ထိပ် ဆံညွန့်လေးကို နှုတ်ခမ်းနှင့် ထိကပ် မွှေးရှိုက်လိုက်တာ ဝိုင်ချို သိသည် ။

လှစ်ခနဲ ခိုးနမ်းလိုက်တာ။

ရင်ထဲ လှပ်ခနဲ အေးလျက် ဝိုင့်တစ်ကိုယ်လုံး ထူပူ နွေးရှသွားရသည် ။

"ဖယ် ... ဖယ် ဝိုင် တကယ်မကတတ်ဘူး၊ ဆောရီးပဲ ကိုလွန်းတင်၊ ဝိုင်သွားတော့မယ်နော်"

လွန်းတင်က အသာအယာ ပြန်လွှတ်ပေးရင်း ...

"ကျွန်တော် ဘာဖြစ်သွားလဲ မသိဘူး၊ ဟား ... ဟား"

"ဟိုမှာ ကိုဂုဏ်မင်း ကား ပြန်ဝင် လာပြီ"

"ဟုတ်တယ် ... ဟုတ်တယ်"

ဂုဏ်မင်းရောင် ပြန်ရောက်လာတာ ဝိုင်အားရှိပြီး အဖော်တွေ့ရသလို ဝမ်းသာသွားရသည် ။

လွန်းတင်မျက်နှာကို သူမ မကြည့်ရဲဘဲ မျက်လွှာချ ထားသည် ။ ရင်တွေက ခုန်တုန်းပင်။

ဟွန်း ... အမြင်လည်း ကတ်ပါရဲ့ ။

သိပ်ကို ရဲတင်း မြန်ဆန်တဲ့ သူ ... လူရှုပ်။

ဂုဏ်မင်းက လမ်းမှာ ကားမောင်းနေကတည်းကပင် နောက်ဆံတင်းပြီး စိတ်မချသလို ဖြစ်နေတာ။

လွန်းတင်နှင့်ဝိုင်ချိုကို နှစ်ယောက်တွဲပြီး ထွက်လာတာ မြင်တော့ သူ့ရင်ထဲ ဆုံးရှုံးလစ်ဟာသော ခံစားချက်တစ်မျိုးက ရုတ်တရက် ဖြစ်လာ

သည် ။

လွန်းတင်ကို သူ သိပ်မယုံ။ ဒီကောင်က မိန်းကလေး ကိစ္စနှင့် ပတ်သက်လျှင် ကျွမ်းကျင်ပါးနပ်လွန်းသူတစ်ယောက်လေ။

ဘယ်လို ယုံကြည်ရမလဲ။

ဝိုင်ချိုမိုးရဲ့ ဟန်ပန်ကလည်း တစ်မျိုးလေး ရှက်စနိုး ဖြစ်နေသည် ဟု ထင်မိသည် ။

လွန်းတင်များ နှစ်ကိုယ်ကြားစကား တစ်ခွန်းကို ပြောလိုက်ပြီလား။

ဂုဏ်မင်း ရင်မောမိသည် ။

လွန်းတင်ကတော့ ကားပေါ်ပါလာသော သူ့ သူငယ်ချင်း ဖော်လေးတို့ နှင့် အဖွဲ့ကျပြီး တဟားဟား ရယ်လိုက်၊ လက်ဆွဲနှုတ်ဆက်လိုက်နှင့် ဆူညံနေသည် ။

"ဝိုင်ချို အဆင်ပြေရဲ့ လား"

"ရှင်"

"သြော် ... တစ်ယောက်တည်း ပျင်းနေပြီလားလို့ ပါ"

"မပျင်းပါဘူး၊ ဒါပေမဲ့ ကိုဂုဏ်မင်း ရောက်လာတော့ ပျော်တယ်၊ ဝိုင့်နားမှာ နေပေးနော်"

သူမရဲ့ စကားလေးကြောင့် ဂုဏ်မင်း အားတက် ကျေနပ်ရပြန်သည် ။

အားကိုးယုံထားတဲ့ မျက်လုံးလေးနှင့် ဝိုင်ချို့ အမူအရာလေးမှာ ဂုဏ်မင်းရောင် ရင်ထဲ လှိုက်ခနဲနွေးထွေးသွား ရပါသည် ။

"နေပေးမှာ ပေ့ါ ဝိုင်ရယ် ... ကျွန်တော် ဝိုင့်အနားမှာ ပဲ ရှိမှာ ပါ"

“ကျေးဇူးပဲနော်”

သူမ လိုအပ်တဲ့ အခါတိုင်း ထီးတော်မိုး သက်တော်စောင့် ဘာမဆို ဖြည့်ဆည်းပေးဆပ်ချင်သူပါ။

ဝိုင်ချိုသည် လွန်းတင်၏ အပြုအမူကြောင့် တော်တော်နှင့် စိတ်လှုပ်ရှားမပြေ။ သူ့ရဲ့ မွေးနေ့ပါတီ အစီအစဉ် တွေထဲကို ဂုဏ်မင်းနှင့်အတူသာ လက်ခုပ်လက်ဝါးတီး၍ ချီးမြှင့်မိသည် ။

ဂုဏ်မင်းရောင်ကတော့ သူကလေးကို တိတ်တဆိတ် ခိုးငုက်လို့ ငေးမောရင်း ကြည်နူးပီတိနှင့် ကျေနပ်နှစ်သိမ့်နေလေသည် ။

*